လင်းသစ်

NOBEL-MYANMAR
LITERARY FESTIVAL
(Literature for Children)



# မြန်မာနှင့်ကမ္ဘာ
# စံတင်ထိုက်သူများ

ကြည်နိုင်

2015GRAPHIC DESIGN : KYAW MINN MOUNG

# အက်ဆေးဆရာ
# ထက်မြက်၏ အမှာ

သူ့ကို ကျွန်တော်စသိသည်မှာစာရေးဆရာကြည်နိုင်အဖြစ်နှင့် စတင်သိကျွမ်းခဲ့သည်။ ရင်းနှီးလာမှ သူ့နာမည်ရင်းကိုလှကြည်ဟုသိရှိခဲ့ပါသည်။ ကျွန်တော်တို့ ကျွန်းမှပြန်၊ ထောင်မှလွတ်လာပြီးနောက် စာစရေးသည့်အချိန်တွင် သူနှင့် “နိုင်ဝင်းဆွေ” မှာစာပေလောကတွင် နေရာရနေကြပေပြီ။ သူနှင့်ကျွန်တော့်ကိုမိတ်ဆက် ပေးသူမှာ “နီဟိန်း” ဖြစ်သည်။ နီဟိန်းသည် အင်းစိန်ထောင်နှင့် ကိုကိုးကျွန်းတွင် အတူနေခဲ့ရသော ကျွန်တော့် ရဲဘော်ဖြစ်၏ ။ သူလည်းထောင်ကလွတ်မှ စာစရေးဖြစ်၏ ။

ဆရာကြည်နိုင်သည် ဂုတ္တုတိုများရေးသလိုရသစာတမ်းခေါ် အက်ဆေးများကိုလည်းရေး၏ ။ ကိုနီဟိန်းကအင်းစိန်ဖော့ကန်တွင် နေသလိုဆရာကြည်နိုင်ကလည်းဖော့ကန်တွင်နေသည်။ အစိုးရဌာနတစ်ခုတွင် ဝန်ထမ်းလုပ်၊ နောက် ဆရာနီဟိန်းကဲ့သို့ပင် တရုတ်မုန့်များကိုလက်ဖက်ရည်ဆိုင်သို့ လိုက်ပို့လေသည်။ အလွန်ရိုးသားပြီးစာပေအပေါ် သစ္စာရှိသူတစ်ဦးအဖြစ် ကျွမ်းဝင်ခဲ့သူဖြစ်ပါသည်။မိဘများမှာလယ်သမားမျိုးရိုး၊ လက်ပံတန်းဇာတိ ဖြစ်သည်။ အင်းစိန်ဖော့ကန်တွင် နီဟိန်းနှင့်အတူ ကြည်နိုင်လည်းနေသည်။ နိုင်ဝင်းဆွေလည်းနေသည်။ ကဗျာဆရာ “ဝင်းတင့်ထွန်း” လည်းနေပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည် တောရွာတစ်ရွာလိုအခြေခံလူတန်းစားများနေသောဖော့ကန်သို့

မကြာခဏရောက်တတ်၏ ။ တောင်ကုန်းလေးများ၊ သစ်ပင်ကြီးငယ်များဖြင့် အလွန်သာယာသောဖော့ကန်တွင် ကျွန်တော်တို့ကဦးလေးထွန်းခေါ် ဦးအေးထွန်း၏ တောင်ကုန်းပေါ်မှ သာယာသော ခြံကြီးကိုလည်းတစ်လတစ်ခါ ညအိပ်လည်ပတ်ကြလေသည်။ ကျွန်တော်တို့မှာစာရေးဖော်ရေးဖက်များထက် ညီအစ်ကိုများလိုရင်းနှီးကြသည်။

ဦးလေးထွန်းကိုလည်းဦးလေးတစ်ယောက်လိုချစ်ခင်ကြ၏ ။ ဦးလေးထွန်းကလည်း ကျွန်တော်တို့ကိုကိုကိုးကျွန်းပြန် နိုင်ငံရေးသမားများအဖြစ် လေးစားသလိုထိုခေတ်ကစူပါစတားစာရေးဆရာနိုင်ဝင်းဆွေတို့ကိုလည်းရင်းနှီးလေး

ဦးလေးထွန်း၏ ခြံကြီးမှာတောင်ကုန်းထိပ်တွင် ရှိလေသည်။ ခြံထဲတွင် သရက်၊ ပိန္နဲ၊ မာလကာစသောအပင်ကြီးများအပြိုင်းအရိုင်းပေါက်နေ၏ ။ တောင်ကုန်းတစ်ဖက်အောက်ခြေတွင် ကြည်စိမ်းနေသောရေတွင်းတစ် တွင်းလည်းရှိ၏ ။ ထိုရေတွင်းမှာအားလုံးသုံးကြလေသည်။ ထိပ်ဘက်တွင် ဆရာကြည်နိုင်၏ အိမ်နှင့် ဦးလေးထွန်း ၏ သားအိမ်တို့ရှိသည်။ တစ်ဖက်တွင် ဦးလေးထွန်း၏ အိမ်ကြီးကိုဆောက်ထားပါသည်။ ကျွန်တော်၏ စာပေဘဝတွင် ထိုကဲ့သို့ ကြည်နူးစရာစာပေသမားများစုစုစည်းစည်း၊ ညီညီညွတ်ညွတ် နေခဲ့ကြသည်ကိုဘယ်တော့မှမေ့၍ မရပါ။ ထိုနေရာတွင် နီပုဟိန်း၏ အိမ်လည်းရှိသည်။ တောင်ကုန်းအောက်ဖက်တွင် နိုင်ဝင်းဆွေ နှင်းဆီခြံကြီးရှိ၏ ။ ထိုခြံထဲတွင်နိုင်ဝင်းဆွေနှင့် ဝင်းတင့်ထွန်းတို့ အတူနေကြလေသည်။ ကြည်နိုင်မှာအရေးအသားကိုအလွန် ဂရုထားသောစာရေးဆရာဖြစ်သည်။ သူကစာတစ်ပိုဒ်ချင်း၊ တစ်ကြောင်းချင်းအလေးထားရေးသည်။ မြန်မာစာအရေးအသားကိုစီခြယ်၍ ရေးတတ်သည်။ သူသည် စာရေးဆရာမစိန်စိန်နှင့်လည်းအလွန်ရင်းနှီးနေခဲ့သူ၊ စိန်စိန် ၏ စာများကိုအလေးအနက်ထားဖတ်ခဲ့သူဖြစ်သည်။ နောက် ဆရာမကြီးဒေါ်ခင်မျိုးချစ်နှင့် ဦးခင်မောင်လတ်တို့၏ အိမ်တွင်

နေထိုင်ကာအနီးကပ်လေ့လာနိုင်ခဲ့သူဖြစ်သလိုသူတို့၏ စာများ၊ အဆုံးအမများကိုလည်းသင်ယူနိုင်ခဲ့ လေသည်။ ဆရာကြည်နိုင်မှာ အစိုးရအမှုထမ်းဘဝမှ ထွက်ပြီးနောက် ဘဝရပ်တည်ရေးအတွက် မုန့်ပို့သည့် အလုပ်ကိုလုပ်ကာတစ်ဖက်ကလည်းစာရေးသည်။ ထိုအချိန်က စာရေးဆရာများ၏ ဘဝမှာ အလွန်ခက်ခဲလှ၏ ။ စာရေးရုံအလုပ်တစ်ခုဖြင့်ထမင်းစား၍ မရပါ။ ၁၉၇၁ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ ကျွန်တော်တို့၏ ဖော့ကန်စာရေးဆရာ အသိုင်းအဝိုင်းမှာ စည်းလုံးညီညွတ်ခဲ့သော်လည်း ကျွန်တော်အဖမ်းခံရ၊ နိုင်ဝင်းဆွေလည်းတောခိုရဖြစ်လာသောအခါ တစ်စစီပြိုကွဲသွားလေသည်။ သို့သော် ဆရာကြည်နိုင်မှာ သူ့အလွန်ဝါသနာပါသော၊ သူ့အလွန်ထက်သန်သောစာရေးခြင်းအလုပ်ကိုမပြတ်ခဲ့ပေ။ ဘာသာရေးမဂ္ဂဇင်းတစ်ခုတွင် အယ်ဒီတာလုပ်၏ ။ ထိုမဂ္ဂဇင်းမှာအောင် လည်းအောင်မြင်သည်။ သူကပေါင်းသင်းဆက်ဆံရေးလည်းကောင်း၊ စိတ်လည်းရှည်၊ လူတစ်ဖက်သားအပေါ် ရိုရိုကျိုးကျိုးနှင့် နှိမ့်ချတတ်သောစရိုက်လည်းရှိသောကြောင့် သူ့ကိုလူချစ်လူခင်ပေါများလှပါသည်။ အထူးသဖြင့် သူ၏ ရိုးသားမှုပင်။ ၁၉၇၈ ခုနှစ်တွင် ကျွန်တော်အဖမ်းခံရပြီးနောက် အကြိမ်ကြိမ် ထောင်ထဲရောက်ခဲ့သည်။ စာလည်းမရေးနိုင်တော့ပေ။ ဆရာကြည်နိုင်မှာမူစာရေးခြင်းနှင့် စာပေလုပ်ငန်းဖြင့် သူ့ဘဝကို ရပ်တည်နေခဲ့၏ ။ တခြားစီးပွားရေးလုပ်ငန်းများမလုပ်ဘဲအယ်ဒီတာလစာ၊ စာရေးသည့်စာမူခများဖြင့်သာသားသမီးနှင့် မိသားစုကိုလုပ်ကိုင်ကျွေးမွေးခဲ့ခြင်းဖြစ်ပါသည်။

၁၉၈၈ နောက်ပိုင်း၊ စာပေလောကသို့ ကျွန်တော် ပြန်လည်ဝင်ရောက်လာသောအခါတွင် သူကစာပေလောကတွင် အားကောင်းကောင်းဖြင့် ရေးနေသောအချိန်ဖြစ်၏ ။

နောက်သူနှင့် ကျွန်တော် မကြာခဏဆုံတွေ့ခဲ့ပြီးနောက်

ရွှေအမြုတေစာပေဆုရွေးချယ်ရေးကော်မတီတွင်
သူလည်းအဖွဲ့ဝင်တစ်ယောက်ဖြစ်လာ၏။ မကြာခင်မှာပင် "ဗေထိသံ"
ဝတ္ထုတိုပေါင်းချုပ်ဖြင့် အမျိုးသားစာပေဆုကိုဆွတ်ခူးခဲ့ပါသည်။
သူကအက်ဆေးအများအပြားရေးခဲ့သော်လည်းဆုရသည့်အခါ ဝတ္ထုတိုဖြင့်
ဆုရသည်။

သူသည် ကလေးများအတွက်
ပုံပြင်အများအပြားကိုရေးခဲ့သလိုမူလတန်း၊ အလယ်တန်း၊
အထက်တန်းကလေးများအတွက် မြန်မာစာစာစီစာကုံးများရေးခဲ့သည်။
သူ့စာစီစာကုံးများမှာကျောင်းသားများကြားတွင် တွင် ကျယ်သည်။
ကလေးများသဘောပေါက်အောင်လည်းရေးတတ်သူဖြစ်၏ ။ အင်းစိန် စနေ
စာပေဝိုင်းအဖွဲ့ဝင် တစ်ဦးဖြစ်ကာဆရာတင်မိုးရှိစဉ်ကတည်းက ထိုစာပေဝိုင်းမှာ
ဝတ်မပြတ် စနေနေ့တိုင်းတွေ့ဆုံဆွေးနွေးလေ့ရှိပါ သည်။
ကွယ်လွန်သူဆရာမောင်တင်ဆင့်မှာလည်းထိုစနေစာပေဝိုင်းမှ ဖြစ်သည်။
ဆရာကြည်နိုင်မှာစကားဝိုင်းများတွင်
စကားပြောနည်းသော်လည်းစာပေဟောပြောပွဲများနှင့် စာပေအကြောင်းပြောရာ၌
မူအားရပါးရပြောတတ်၏ ။ ပြောစရာကလည်းများသည်။ ပြောလည်းပြောနိုင်သည်။
တစ်ခါတစ်ရံသူပြောခွင့်ရသည်ထက်ပင် ပို၍ ပြောနိုင်သောကြောင့်
သူ့ကိုသတိပေးရသည်အထိစာရေးဆရာများမှာအမှတ်ရနေ၏ ။ စာဖတ်အလွန်နာ၏
။ စာအစုံဖတ်နိုင်သည်။ ယခုစာအုပ်ပါ ပုဂ္ဂိုလ်များအကြောင်းဖတ်ရလျှင် သူမည်မျှ
စာဖတ်ကြောင်း၊ ဘယ်လောက် နိုက်နိုက်ချွတ်ချွတ်ဖတ်ကြောင်းသိနိုင်သည်။
ကျွန်တော်ကသူ့စာအုပ်တွင် အမှာရေးပေးရသော်လည်းသူက ကျွန်တော်ထက်ပင်
စာပေဝါရင့်သူဖြစ်ပါသည်။ ကျွန်တော်ကဘာသာပြန်များနှင့်
နေရာအတော်အသင့်ရနေသော် လည်းသူက ကျွန်တော့်ထက်ပင်
ပင်ကိုယ်ဖန်တီးမှုများချည်းရေးနိုင်သောသူဖြစ်သည်။ မိတ်ဆွေများကသူ့အပေါ်

ချစ်ခင်လေးစားကြသည်မှာသူ၏
ရိုးသားမှုကြောင့်ဖြစ်ပြီးစာပေမိတ်ဆွေများကသူ့အပေါ်
လေးစားချစ်ခင်ရခြင်းမှာသူ၏
စာရေးကောင်းခြင်းကြောင့်ဖြစ်ကြောင်းသူ့စာအုပ်ဖတ်ကြည့်လျှင် သိနိုင်ပါသည်။

**ထက်မြက်**

*

# စာရေးသူ၏ အမှာ

မြန်မာနှင့် ကမ္ဘာ့မှတ်တမ်းတင်ထိုက်သူများတွင် လိုအပ်ချက်များစွာရှိနိုင်ပါသည်။ ဤဆောင်းပါးများသည် Open ဂျာနယ်တွင် အပါတ်စဉ် ဖော်ပြခဲ့ရာရရှိသည့် စာမျက်နှာအတိုင်းအတာနှင့် တစ်ပါတ်အတွင်းအချိန်မီစာမူပြီးစီးရန် အားထုတ်ရပါသည်။ တစ်ပုဒ်ချင်းစိတ်လက်ရှိသလောက် အချိန်ယူပြုစုခွင့်မရခဲ့ပါ။ အချိန်ကိုငဲ့၊ စာမျက်နှာကိုငဲ့ရသဖြင့် လိုအပ်ချက်များရှိနိုင်ကြောင်း ဝန်ခံရပါမည်။

သို့သော် ရသမှု စာမျက်နှာတွင် ပေါ့ပေါ့တန်တန်ပြီးကပြစ် မလုပ်ခဲ့ပါ။ ကိုယ့်ကလောင်ကိုကိုယ်ရိုသေ၍ တတ်နိုင်သမျှ အားထုတ်ထားပါသည်။ အကိုးအကားမှီးငြမ်းပြုစာအုပ်စာတမ်းများကိုလည်းနောက်ပိုင်းတွင် ဖော်ပြထားပါသည်။

မြန်မာတွင်ကော၊ ကမ္ဘာတွင်ပါ မှတ်တမ်းတင်ထိုက်သူများကားများစွာပင်ရှိနိုင်ပါသည်။ ပြီးပြည့်စုံအောင် ကားတစ်ဦးတစ်ယောက်ကောင်းနှင့် မဖြစ်နိုင်ပါ။ ဤစာအုပ်ပါ အတ္ထုပတ္တိသဘောဆောင်းပါးများကိုအထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသူကျောင်းသားများအားရည်ရွယ်လျက် ရေးသားတင်ဆက်အပ်ပါသည်။ အသိအမြင် ကျယ်ရန်၊ ဗဟုသုတတိုးရန်အတွက် မိတ်ဆက်တင်ပြသည့်သဘောသက်ရောက်နိုင်ပါသည်။

အတ္ထုပတ္တိစာပေအားလေ့လာထိုက်ကြောင်းပညာရှင်အများပင် တင်ပြဖူးကြပါသည်။ အတ္ထုပတ္တိစာပေအရေးကြီးကြောင်းစာပေဗိမာန်က ကြီးမှူး၍ “အတ္ထုပတ္တိစာပေစာတမ်း” ဖတ်ပွဲကျင်းပပြုလုပ်ခဲ့ဖူးပါသည်။ ဖတ်ကြားသောစာတမ်းများကိုစုစည်း၍ စာအုပ်လည်းထွက်ခဲ့ဖူးပါသည်။ အတ္ထုပတ္တိတို့တွင် ဘဝရုန်းကန်လှုပ်ရှား မှု၊ ခေတ်ဖြတ်သန်းမှု၊ တိုင်းပြည်နှင့် လူမျိုးအတွက် သမိုင်းပေးတာဝန် ထမ်းဆောင်မှု၊ စွန့်လွှတ်စွန့်စားမှုများ၊ အထူးသဖြင့် မိမိတိုင်းပြည် ကိုလိုနီဘဝကျရောက်စဉ် သူ့ကျွန်မခံတော်လှန်သူများ၊ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင် သူများ၊ တရားရေးမဏ္ဍိုင်ကို ကြံခိုင်အောင် စွမ်းဆောင်သူများ၊ အနုပညာရှင်များ၊ နိုင်ငံရေးသမားများ၊ စစ်သူကြီးများ၊ တရားသူကြီးများ၊ သမ္မတများ. . . စသည်ဖြင့် များစွာရှိပါသည်။ သူတို့အကြောင်းများသည် သိမှတ်အားကျ အတုယူဖွယ်ဖြစ်ပါသည်။

မြန်မာနှင့် နိုင်ငံတကာတွင် မှတ်တမ်းတင်ထိုက်သောသမိုင်းဖြစ်ရပ်များ၊ သမိုင်းဇာတ်ဆောင်များများစွာရှိပါသည်။ စာရေးဆရာအများပင် အတ္ထုပတ္တိတိုအနေဖြင့် နိုင်ငံတကာစာပေတွင် ဒေးလ်ကာနက်ဂျီ၏ “ငါးမိနစ် အတ္ထုပတ္တိ” ကဲ့သို့သောစာအုပ်များ၊ ဒေါက်တာသန်းထွန်း မြန်မာပြန်သည့် “ကျော်စွာ - ၁၀၀” ကဲ့သို့သောစာအုပ် များထွက်ရှိဖူးပါသည်။ မြန်မာစာပေလောကတွင်လည်းကောက်ကာငင်ကာတင်ပြရလျှင် မောင်သုတ (အမည်ခံ) ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များအတ္ထုပတ္တိ၊ မင်းယုဝေ၏ ပထမမြန်မာများ၊ တိုက်စိုးနှင့် မင်းယုဝေတို့၏ စာဆို နှင့် သုတေသီ၊ တိုက်စိုး၏ မင်းနှင့်စာဆို၊ မောင်ဇေယျာ၏ မြန်မာလူကျော် (၁၀၀) ၂-တွဲ၊ ရာပြည့် ဦးစိုးညွန့်၏ မြန်မာစာရေးဆရာ (၁၀၀) ၃-တွဲ၊ ဆရာချိန် (ပဲခူး) ၏ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကမ္ဘာ့အာဇာနည်များစသည်ဖြင့် များစွာရှိနိုင်ပါသည်။ ရေးဘောစိုးမြင့်လတ်ကလည်းအမျိုးသားအတ္ထုပတ္တိအဘိဓါန်ပြုစုထားသည်ကိုတွေ့ရ ။

လုံးချင်းအတ္ထုပ္ပတ္တိများအနေနှင့်လည်း မြန်မာနှင့် ကမ္ဘာအတ္ထုပ္ပတ္တိများစွာရှိပါသည်။

အချိန်လုအလုပ်လုပ်နေရသောခေတ်ကာလတွင် ကျောင်းသားလူငယ်များအနေနှင့်လည်းကျောင်းနှင့် ကျူရှင် ကူးသန်းနေကြရပါသည်။ ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် ကျောင်းစာသာမကအပြင်စာပါ ဖတ်ရှု နိုင်လျှင် ပို၍ အသိအမြင် ကျယ်ပြန့်လာနိုင်ပါသည်။

ကျွန်တော်၏ "မြန်မာနှင့် ကမ္ဘာ့မှတ်တမ်းတင်ထိုက်သူများ" သည် လူငယ်များနှင့် အချိန်လုနေရသောစာပေဝါသနာရှင်များအတွက် ရည်ရွယ်ပါသည်။ လိုအပ်ချက်များရှိလျှင် သည်းခံခွင့်လွှတ်ကြစေချင်ပါသည်။ ဤစာအုပ်အတွက် အကိုးအကားပြု စာအုပ်စာတမ်းများကို ပြုစုသူပုဂ္ဂိုလ်များအားလည်းကောင်း၊ အပါတ်စဉ် ထည့်သွင်းဖော်ပြပေးခဲ့သည့် Open ဂျာနယ်အယ်ဒီတာအဖွဲ့အားလည်းကောင်း၊ သေသပ်စွာစာအုပ်ရိုက်နှိပ်ထုတ် ဝေပေးသည့် ကိုအောင်မြင့်နိုင် (အမေ့ဥယျာဉ်နှင့် လမ်းသစ်စာပေ) အားလည်းကောင်းကျေးဇူးမမေ့ပါကြောင်းမှတ်တမ်းပြုတင်ပြအပ်ပါသည်။

**စာဖတ်ပရိသတ်အား**

**အစဉ်လေးစားလျက်**

**ကြည်နိုင်**

**၁၇-၁-၂၀၁၃**

**ဖုန်း-၀၉၅၀၇၆၉၃၁**

*



## အာဇာနည်အရှင်ဦးဝိစာရ

## (မြန်မာသက္ကရာဇ် ၁၂၅၀-၁၂၉၁)

မြန်မာနိုင်ငံကိုလိုနီခေတ် သူ့ကျွန်ဘဝကျရောက်စဉ် "အမျိုးဘာသာသာသနာ" ကြွေးကြော်သံဖြင့် ဗုဒ္ဓဘာသာရဟန်းတော်များသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွင် ပါဝင်လာကြသည်။

ဆရာတော် ဦးဥတ္တမနှင့် ဦးဝိစာရသည် ဆရာတပည့်များဖြစ်ကြသည်။

ဝံသာနုစေတ် နယ်ချဲ့ဆန့်ကျင်ရေးအမျိုးသားတို့

နိုးကြားရေးကိုဦးဥတ္တမကစတင်ခဲ့ပြီးဦးဝိစာရကအဆုံးသတ်ခဲ့ပေသည်။

အင်္ဂလိပ်အာဏာပိုင်များ က မတရားဖမ်းဆီးထောင်ချကာဖိနှိပ်လွန်းသဖြင့်

ဆရာတော်ဦးဝိစာရသည် ထောင်တွင်းအစာငတ်ခံတိုက်ပွဲဝင် ခဲ့၏။ ရက်ပေါင်း

(၁၆၆) ရက်တိုင်တိုင် ကြာမြင့်ခဲ့၏။ မြန်မာမှာရောကမ္ဘာမှာပါ ထင်ရှားသည့်

အာဇာနည်ပုဂ္ဂိုလ်ဖြစ် ပေသည်။

အရှင်ဦးဝိစာရကိုအောက်ချင်းတွင်း (ယခုမုံရွာခရိုင်) ချောင်းဦးမြို့အပိုင်၊ အမြင့်တောင်လက်၊ အနိမ့် ကိုးရွာအပါအဝင် ကမ်းနိမ့်ရွာတွင် ခမည်းတော် ကျောင်းဒါယကာကြီးဦးပြား၊ မယ်တော် ကျောင်းအစ်မကြီးဒေါ်ဇလပ်တို့ကသက္ကရာဇ် (၁၂၅၀) ပြည့်နှစ် နှောင်းတန်ခူးလပြည့်ကျော် (၈) ရက်နေ့တွင် ဖွားမြင်တော်မူသည်။ ငယ်မည်မှာမောင်လှကျော်ဖြစ်သည်။

ငယ်စဉ်ကအင်းနားရွာဦးစန္ဒိမာဆရာတော်ကျောင်းတွင် သာမဏေဝတ်ပြီး (၄) ဝါအရတွင် လူထွက်ကာအိမ်ထောင်ပြုခဲ့သည်။ ပထမအိမ်ထောင်နှင့် သမီး (၁) ယောက်၊ ဒုတိယအိမ်ထောင်နှင့် သမီး (၁)ယောက်ရခဲ့ သည်။ သမီး (၂)ယောက်ထွန်းကားပြီးနောက် အသက် (၂၃) နှစ်အရွယ်တွင် မြောင်မြို့နယ်၊ အကြီးပုတ် ဆရာတော်ထံတွင် ပဉ္စင်းခံပြီးဦးဝိစာရဘွဲ့မည်ရခဲ့သည်။ ပျဉ်းမနားကန်ဦးကျောင်းတိုက်၊ မန္တလေးရွှေရေးဆောင် တိုက်၊ ပခုက္ကူမဟာဝိသုတာရာမအနောက်တိုက်ကြီးတို့တွင် စာသင်စာချပြုလုပ်ခဲ့သည်။ နောက်ဆရာတော် ဦးဥတ္တမနှင့်တွေ့ကာအိန္ဒိယသို့သွားပြီးသက္ကတနှင့် နာဂရီဘာသာပညာရပ်တို့ ဆည်းပူးခဲ့သည်။

ဦးဝိစာရသည် ပခုက္ကူ ရေစကြိုဆရာတော်ကျောင်းတွင် သီတင်းသုံးနေစဉ်ကပင် မဟာသံဃာ့အဖွဲ့ချုပ်ကြီး နှင့်ဆက်သွယ်ကာပခုက္ကူ သံဃာ့သမဂ္ဂီအဖွဲ့ကိုတည်ထောင်ကာသာသနာရေးကိစ္စများဆောင်ရွက်ခဲ့သည်။

(၁၂၅၈)ခုတွင် ဆရာတော်ဦးဥတ္တမသည်
နိုင်ငံရေးကိုဆောင်ရွက်လျက်ရှိပြီဖြစ်ရာဦးဝိစာရသည် ဦးဥတ္တမနှင့်
တွေ့ဆုံဆွေးနွေးပြီးတိုင်းပြည်လွတ်လပ်ရေးအတွက်
သွေးနိုးဟောပြောကာစတင်ဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် မိမိ၏
ဆရာဦးဥတ္တမကိုအင်္ဂလိပ်အာဏာပိုင်တွေကဖမ်းဆီးထောင်ချ၊
မထီမဲ့မြင်ပြုသည့်အခါ ဦးဝိစာရသည် မဟာဝိသုတာရာမတိုက်တွင်
အေးအေးစာချမနေနိုင်တော့ဘဲဦးဥတ္တမနှင့်လက်တွဲကာအမျိုးဘာသာသာသနာအတွ
ဆောင်ရွက်တော့မည်ဟုစိတ်ဆုံးဖြတ်ကာနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲတွင် ပါဝင်လာ
ခဲ့ပေသည်။

ထိုအခါ ကာလသည် ဒိုင်အာခီအုပ်ချုပ်ရေးကာလဖြစ်၍
ဒိုင်အာခီရွေးကောက်ပွဲကိုဦးဥတ္တမနှင့်လက်တွဲကာသပိတ်တိုက်ပွဲဖြင့်
စတင်လိုက်သည်။ ဝိသုတာရာမတိုက်မှလည်းထွက်ခွာခဲ့သည်။
ဗြိတိသျှအုပ်စိုးသူတွေကဆရာတော် (၂)ပါးကိုစောင့်ကြည့်နေသည်။
ဦးဥတ္တမအိန္ဒိယကွန်ဂရက်ပါတီတက်ရောက်သည့်အခါ ဦးဝိစာရလိုက်ပါခဲ့သည်။
အိန္ဒိယတွင် (၂)နှစ်ကျော်ကြာခဲ့သည်။ မဟတ္တမဂန္ဒီစသောအိန္ဒိယခေါင်းဆောင်များ၏
ဦးဆောင်တိုက်ပွဲဝင်မှု နည်းဗျူဟာများကိုဦးဝိစာရတို့ ကြုံခဲ့သိမြင်ခဲ့ရသည်။
အိန္ဒိယပြည်သူတွေ၏ တက်ကြွမှု မျိုးချစ်စိတ်ဓါတ်ကိုလည်းထိတွေ့ခဲ့ရသည်။

ဆရာတော် (၂)ပါးသည်။ ဒိုင်အာခီကို သပိတ်မှောက်သည့် လှိုင်ပုကျော် -
ဂျီစီဘီအေကို အသိအမှတ်ပြုပြီး၊ ဦးစိုးသိမ်း ဂျီစီဘီအေကို
အပြည့်အဝထောက်ခံခဲ့သည်။ ဆရာစံသည် ဦးစိုးသိမ်း၊ ဂျီစီဘီအေမှ
ခေါင်းဆောင်တစ်ဦးဖြစ်သည်။ မကြာပါချေ။ ဆရာစံသည်
တောင်သူလယ်သမားများ၏ ပြဿနာများ လေ့လာစုံစမ်းရေးအတွက် ခရိုင်ပေါင်း
(၈) ခရိုင်သို့ ကွင်းဆင်းပြီး အစီရင်ခံစာရေးတင်ခဲ့သည်။ မကြာခင်ပင်

တောင်သူလယ်သမားအရေးတော်ပုံကြီး စတင်ခဲ့လေသည်။

၁၉၂၆ - ခုနှစ်၊ အောက်တိုဘာတွင် သာယာဂတီစီရင်စု၊ လက်ပံတန်းမြို့နယ်တွင်း သာရဝေါတိုက်နယ်၊“ခနော်ညောင်ကုန်းရွာ” သို့ ဦးဝိစာရ တရားဟောရန် ကြွခဲ့သည်။ သာယာဝတီအရေးပိုင်က ပုဒ်မ (၁၄၄) ထုတ် သည်။ သာယာဝတီခရိုင်၌ (၂)လအတွင်း တရားမဟောရ “မောင်မင်းနာခံရမည်” ဟု ဦးဝိစာရထံ စာပို့သည်။ ဦး ဝိစာရက စီရင်စုတိုင်းတွင် အထူးအကျိုးဆောင်သံဃာ့အဖွဲ့၏ ဆုံးဖြတ်ချက်အရ အရေးပိုင်၏ အမိန့်ကို အာဏာ ဖီဆန်တရားဟောသည်။ အင်းရွာ၊ ထနောင်းကုန်း၊ အင်းဂတိုက်နယ်၊ မကျဉ်းကုန်းရွာတို့တွင်လည်း ဟောခဲ့သည်။

၁၉၂၆-ခု၊ နိုဝင်ဘာ (၁)ရက်နေ့တွင် ဦးဝိစာရသည် ရေငံရွာမှ အုတ်ဖိုမြို့သို့ တရားဟောရန်အကြွ ကားစောင့်နေခိုက် အရေးပိုင်အမိန့်ဖြင့် အဖမ်းခံရသည်။ ရုံးတင်စစ်ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂)လ ချလိုက် သည်။ နောက် ရန်ကုန်ထောင်ကြီးသို့ ပို့လိုက်ပြီး (၂)လပြည့်ကာနီးမှ သာယာဝတီထောင်သို့ ပြန်ပို့သည်။ တစ်ည ထားပြီး ပြန်လွှတ်ပေးလိုက်သည်။ သို့သော် ထောင်ဝအရောက်တွင် ဝရမ်းစာဖြင့် ပြန်ဖမ်းပြန်၏ ။ ဝရမ်းစာတွင် “ခနော်ညောင်ကုန်း” ရွာ၌ လည်းကောင်း၊ အင်းရွာ၌ လည်းကောင်း တရားဟောရာတွင် အစိုးရအား အကြည်ညိုပျက်အောင် လှုံ့ဆော်ဟောပြောသောကြောင့် ပုဒ်မ-၁၂၄ အရ ဖမ်းသည်ဆို၍ သာယာဝတီအချုပ်ထောင်သို့ ပို့ပြန်သည်။ ဦးဝိစာရ သာယာဂတီအချုပ်ထောင်တွင်ရှိစဉ် (၁-၂-၁၉၂၇) နေ့၌ သိမ်တစ်ခုခုရှိရာအရပ်သို့ ပုလိပ် အစောင့်ဖြင့်သွားကာ ရဟန်းဝိနည်းအရ ဥပုသ်ပြုခွင့် အချိန် (၁)နာရီပေးရန် တောင်းဆိုစာတင်ရာ အရေးပိုင်က ခွင့်မပြု။ ထိုအခါ ဦးဝိစာရသည် ဥပုသ်ပြုခွင့်မရလျှင် ဆွမ်းမစားတော့ဟု နေခဲ့ရာ (၅) ရက်အကြာ၌ ရန်ကုန်ထောင် ကြီးသို့ ပို့လိုက်သည်။ ရန်ကုန်ထောင်တွင် ဆက်လက်အစာငတ်ခံ တိုက်ပွဲဝင်ရာ ရက်

(၄၀)အကြာတွင် ဥပုသ်ပြု ခွင့်ရခဲ့သည်။

ရန်ကုန်ထောင်ကြီးတွင် (၆)လအချုပ်ခံရပြီး (၁၉၂၇) ခု၊ မေလ၊ (၆) ရက်တွင် အင်းစိန်ရုံးသို့ အစစ်ခံရန် ပုလိပ်က လာခေါ်၏။ သာယာဝတီတွင် ဖြစ်သည့်ကိစ္စကို သာယာဝတီတွင်သာ စစ်ရမည်ဟုဆိုကာ ဦးဝိစာရ မလိုက်ဘဲနေ၏။ နောက်နေ့တွင် အင်္ဂလိပ် ရာဇဝတ်ဝန်တစ်ဦးနှင့် ပုလိပ်များရောက်လာပြီး ဦးဝိစာရအား အတင်း ဆွဲထုတ်သွား၏။ အမှုကိုစစ်သည့်အခါ "မတရားသော အစိုးရကို ငါဘာမှမပြောလို" ဟုဆိုကာ တစ်စုံတစ်ရာမပြော ဘဲ နေ၏။ ထိုအခါ တရားသူကြီးက ပြစ်မှုထင်ရှားသည်ဟုဆိုကာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁)နှစ် (၉)လ အပြစ်ဒဏ်ချ၏။

ရန်ကုန်ထောင်သို့ ထိုနေ့ပြန်ရောက်သောအခါ အင်္ဂလိပ်အရာရှိ ၃-၄ ယောက်က သင်္ကန်းကို အတင်းဆွဲ ချွတ်ကာ ထောင်အဝတ်အစား ဝတ်ပေး၏။ ဆရာတော် ဦးဝိစာရက သင်္ကန်းပြန်မဝတ်ရမချင်း ဆွမ်းမစားဟု အဓိဋ္ဌာန်ပြုကာ မစားဘဲနေ၏။ (၇)ရက်ကြာလျှင် ထောင်အရာရှိတို့က နှာခေါင်းမှ နွားနို့လောင်းထည့်၏။ ဦးဝိစာရ က အာခေါက်တွင် လက်ညှိုးထိုးကာ ပြန်အန်ပစ်၏။ အစာမစားဘဲနေ၍ ရက်ပေါင်း (၄၀) ကြာသည့်အခါ သတိမရ တော့ဘဲ မေးခိုင်၍ မေ့သွား၏။

သတိမရ၊ ဆွမ်းမစားသည့်အခါ စိတ်နောက်နေ၍ ဆွမ်းမစားခြင်းဖြစ်မည်ဟု ဆိုကာ အာဏာပိုင်တို့က (၁၉၂၇)ခု၊ နိုဝင်ဘာ (၃၀) ရက်တွင် တံတားကလေး အရူးထောင်သို့ ပို့လိုက်၏။ မေ့မျောနေသော ဦးဝိစာရအား တံတားကလေးထောင်အရာရှိက စအိုမှ အစာသွင်းပြန်၏။ သတိရသည့်အခါ "ခွေးမသား ထမင်းစားပါလား" ဟု ဆဲရေးကာ လူနာကုတင်ပေါ်တွင်တင်လျက် ခြေလက်တို့ကို ကြိုးနှင့်တုပ်ထား၏။ ထိုအတွင်း အရာရှိများနှင့် လူမျိုး ခြား အမှုထမ်းများက လာ၍ ဦးဝိစာရအား ပါးရိုက်၊ ရင်ဝ ဖနောင့်နှင့်ပေါက်လုပ်ကြ၏။ အရူးများနှင့် အတူထားကာ အရူးများက

ခိုင်းစေချက်အရ ဆရာတော်အား မစင်ဖြင့်လူး ရိုက်နှက်ကန်ကျောက်လုပ်ကြ၏ ။

ထိုနှစ် ဒီဇင်ဘာ (၈)ရက်တွင် သင်္ကန်းပြန်ပေး၏ ။ ဦးဝိစာရဆွမ်းစား၏ ။ ရက်အနည်းငယ်ရပြီး (၁၉၂၈)ခု၊ ဖေဖော်ဝါရီ (၁၅) ရက်နေ့တွင် အာဏာပိုင်တို့က သင်္ကန်းကိုပြန်ချွတ်ပြန်၏ ။ ထိုအခါ ဦးဝိစာရသည် ဆွမ်းမစားဘဲ နေပြန်၏ ။ အာဏာပိုင်တို့က တံတားကလေး အရှူးထောင်မှ ရန်ကုန်ထောင်ကြီးသို့ ပြန်ပို့ပြန်၏ ။ တစ်ဖန် သင်္ကန်း ပြန်ပေးကာ အိန္ဒိယပြည်၊ ကာလကတ္တားသို့ သင်္ဘောဖြင့် တင်ဆောင်ကာ ဘင်္ဂလားပြည် "မေဒနီပူ" ထောင်သို့ ပို့၏ ။ မေဒနီပူထောင်ပိုင်က "သင်္ကန်းချွတ်ရမည်" ဆိုသည့်အခါ အရှင်ဦးဝိစာရက "မိမိသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးဖြစ်ကြောင်း၊ ထောင်ဥပဒေအရ ဆစ်ခ်လူမျိုး၊ ဟိန္ဒူလူမျိုး၊ ဗရာမင်လူမျိုးများ ထောင်ကျလျှင် ၎င်းတို့၏ ဇာတ်အယူဝါဒအရ ဆံပင်၊ မုတ်ဆိတ်မရိတ်ဘဲ ထားခွင့်ပြုသကဲ့သို့ ရဟန်းဇာတ်ဖြစ်သော သင်္ကန်းကို ဝတ်ရုံခွင့်ပြုသင့်သည်" ဟု ဆရာတော် ဦးဝိစာရက မိန့်၏ ။ ထောင်ပိုင်က "ဆိုင်ရာသို့ စာရေးမေးဦးမည်" ဟုဆိုကာ ပြန်သွားသဖြင့် ထိုအတွင်း သင်္ကန်းနှင့် နေခွင့်ရခဲ့၏ ။

၁၉၂၉-ခုနှစ်၊ ဖေဖော်ဝါရီ (၁၄) ရက်တွင် လွတ်ချိန်နီးသဖြင့် ကာလကတ္တားမှ တစ်ဖန် ရန်ကုန်ထောင်သို့ ပြန်ပို့၏ ။ ရန်ကုန်ထောင် ရောက်သည့်အခါ လွတ်ရက်စေ့သဖြင့် နံနက် ၅ နာရီ (၁၅) မိနစ်တွင် ဦးဝိစာရအား ထောင်မှလွှတ်လိုက်၏ ။

ဦးဝိစာရ ထောင်မှလွတ်ပြီးနောက် စီရင်စုတိုင်းဆိုင်ရာ အထူးအကျိုးဆောင်အဖွဲ့ တည်ရှိရာ ကြည့်မြင်တိုင်-ဥယျာဉ်တိုက် အတွင်းရေးမှူး ဆရာတော် ဦးကေတုကျောင်း၌ သီတင်းသုံး၏ ။

မကြာမီပင် ဟံသာဝတီစီရင်စု၊ သုံးခွမြို့နယ်၊ ဖရုံကန်ရွာတွင် ကျင်းပသော ဟံသာဝတီခရိုင်၊ ခရိုင်ဝံသာနု အသင်းချုပ် နှစ်လည်အစည်းအဝေးက ပင့်သဖြင့် ကြွသွားတော်မူပြီး တရားဟောပြန်၏ ။ ထိုတရားပွဲတွင် ဒုတိယအ ကြိမ်

ထောင်ကျစဉ်အတွင်း သက်န်းဖွတ်ချွတ်သဖြင့် ဆွမ်းမစားပုံ၊ အမျိုးမျိုးညှင်းပန်းပြီး အရူးထောင်သို့ပို့ပုံ၊ အရူး များနှင့် အတူထားပြီး အမျိုးအမျိုး ညှင်းပန်းခံရပုံများ ထည့်ဟော၏။ သတင်းစာတွင် ထည့်ရန်လည်း ဆောင်းပါး များ ရေးပေး၏။ ဦးဝိစာရ၏ ကြေညာစာတမ်းများ ဖတ်ကြရသော အသင်းသူ အသင်းသားတို့မှာ အင်္ဂလိပ်အစိုးရ အား နာကျည်းစိန်များ တဖွားဖွားပေါ်လာကြ၏။

ထို့နောက် ဦးဝိစာရသည် ကျန်းမာရေး မကောင်းသဖြင့် အိန္ဒိယသို့ ကြွရောက်ကာ ကုသမည့်နေတွင် အာဏာပိုင်တို့က "ဖရုံကန်" ရွာတွင် အစိုးရအား အကြည်ညိုပျက်အောင် ဟောပြောမှု၊ ပုဒ်မ (၁၂၄)က ဖြင့် ဖမ်းဆီးပြန် ၏။ ရန်ကုန်ထောင်ကြီးပို့၍ ချုပ်နှောင်ထား၏။ ထောင်ချုပ်နှင့်နေစဉ် ဦးဝိစာရက ဥပုသ်ပြုခွင့်တောင်းရာ ခွင့်မပြု သဖြင့် ဆွမ်းမစားဘဲ နေပြန်၏။ ရက် (၂၀) ကျော်သောအခါ အလွန်ပိန်ချုံးလျက် အိပ်ယာထက်လဲနေ၏။ ဆွမ်းမစားဘဲ ဆက်နေရာ (၈၁) ရက်မြောက်နေ့တွင် စကားမျှပင်မပြောနိုင်တော့ခေါ။ ဆရာတော်မှာ သတိမရတစ် ချက် ရတစ်ချက်ဖြင့် ပင့်အသက်ရှူကာ မောဟိုက်နေ၏ ။

ဆရာတော် ဦးဝိစာရ ထိုအခြေအနေရောက်နေစဉ်ပင် အာဏာပိုင်တို့က ထောင်တွင်းသို့ ဟံသာဝတီ စက်ရှင် တရားသူကြီးကို စေလွှတ်၍ အမှုစစ်ပြန်၏။ ဆရာတော်က ဘာမျှမပြောနိုင်ကြောင်း လက်ကိုသာ အနိုင်နိုင် မ၍ ခါပြ၏။ ထိုမျှ စစ်ဆေးမဖြစ်နိုင်ပါပဲလျက် အာဏာပိုင်တို့က ပြစ်မှုထင်ရှားသည်ဟုဆိုကာ ဦးဝိစာရအား အလုပ် ကြမ်းနှင့် ထောင်ဒဏ် (၆) နှစ် ကျခံရန် အမိန့်ချ၏။

အမိန့်ချပြီးနောက် ထောင်အာဏာပိုင်တို့က သက်န်းဆွဲချွတ်ကာ ထောင်သားတို့ဝတ်သည့် နံ့ငယ်ပိုင်းကို ပတ်ပေး၏။ နောက် ဘူသတ်သမားတို့ထားသည့် ကြိုးတိုက်တွင်းသို့ သွတ်သွင်းလေ၏။ ဆရာတော်သည် ဆက်လက် ဆွမ်းမစားဘဲနေ၏။ သတင်းစာများကလည်း ထိုအကြောင်း ရေးသားကြရာ ရက်မကြာမီတွင်ပင် ပျံလွန်မည်ဖြစ်ကြောင်း

ထင်မြင်ချက်ရေးသားတင်ပြကြ၏ ။

၁၉၂၆-ခုနှစ်၊ ဩဂုတ် (၂၅) ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့လုံးကျွတ်စုဝေးကာ ဆရာတော် အရှင် ဦးဝိစာရ၏ "သင်္ကန်းဝတ်ရုံခွင့်၊ ဥပုသ်ပြုခွင့်" မှာ ဝိနည်းတော်နှင့်အညီဖြစ်၍ တရားကြောင်းမှန်ကန်ကြောင်း ဆုံးဖြတ်ကာ အလယ်တောရ ဆရာတော်ဦးစီး၍ သံဃာတော်များက ပြည်ထဲရေးဝန်ကြီး ဆာဂျေအေမောင်ကြီးထံ အရှင်ဦးဝိစာရ၏ တောင်းဆိုချက်ကို ခွင့်ပြုသင့်ကြောင်း စာတင်၏ ။

ခရိုင်အသင်းချုပ်၊ မြို့နယ်အသင်းချုပ်၊ တိုက်နယ်အသင်းချုပ်နှင့် သံဃာ့သမဂ္ဂီအဖွဲ့များကလည်း အရှင်ဦးဝိ စာရ၏ တောင်းဆိုချက်မှာ တရားကြောင်း စာတင်ကြ၏ ။ သတင်းစာတိုက်များသို့လည်း ပို့၏ ။ အစိုးရကလည်း မန္တလေးမြို့ သုဓမ္မာဆရာတော်ကြီးများ ဆုံးဖြတ်ချက်ဟုဆိုကာ ရဟန်းတော်များသည် မိမိကိုယ်ကို မသေသေအောင် မပြုထိုက်၊ အစာအငတ်မခံသင့်ကြောင်းများ အကျယ်ပုံနှိပ်၍ သတင်းစာတိုက်များသို့ ပို့၏ ။

ဤသို့ဖြင့် အစိုးရကလည်း မလိုက်လျော၊ အရှင်ဦးဝိစာရကလည်း သန္နိဋ္ဌာန်ကို မလျှော့ဘဲ အစာငတ်ခံ တိုက်ပွဲဝင်လျက် တရားနှလုံးသွင်းနေတော်မူ၏ ။ အာဏာပိုင်တို့က နွားနို့စသည် အတင်းသွင်း၏ ။ ဆရာတော်က လည်း အန်ထုတ်ပစ်၏ ။ အရှင်ဦးဝိစာရသည် တောင်းဆိုချက်မရသဖြင့် အစာငတ်ခံနေသည်မှာ ရက်ပေါင်း (၁၄၀) ခန့် ရှိနေပြီး အလွန်ပင်ပန်းတော်မူရှာ၏ ။

၁၉၂၉-ခု၊ ဩဂုတ်လ (၂၅) ရက်တွင် စီရင်စုတိုင်းဆိုင်ရာ အထူးအကျိုးဆောင် သံဃာအဖွဲ့၏ အတွင်းရေး မှူး ကြည့်မြင်တိုင် ဥယျာဉ်တိုက် တွံတေးကျောင်းဆရာတော် ဦးကေတုနှင့် ဦးစိုးသိမ်း၊ ဂျီစီဘီအေရုံးအုပ် အာလံ ဦးလာဘ (ဦးလေးမောင်) တို့သည် အစိုးရခွင့်ပြုချက်ဖြင့် ရန်ကုန်ထောင်တွင်းရှိနေသော ဆရာတော် ဦးဝိစာရအား သွားရောက်တွေ့ဆုံကြ၏ ။ ဆရာတော်ကား မျက်တွင်းဟောက်ပက်ဖြင့် နံရိုးအပြိုင်းပြိုင်းဖြစ်ကာ အရိုးပေါ်

အရေ တင်လျက်ရှိရာမှ အားယူပြီး မိန့်ကြားတော်မူ၏ ။

“မျက်မှန်အလှူခံပါ။ သဗ္ဗအာပတ္တိယော၊ အာရောစယာမိ၊ တိုင်းပြည်ကို လိမ္မာကြပါ” ဟု မှာကြားလိုက်၏ ။ ဆရာတော် ဦးကေတုနှင့် ဦးလာဘ (ဦးလေးမောင်) တို့လည်း (၁၀) မိနစ်မျှနေ၍ ထောင်မှ ပြန်ခဲ့ကြ၏ ။ ကျောင်းသို့ ပြန်ရောက်သောအခါ ဦးဝိစာရ လှူလိုက်သော မျက်မှန်သော ဘုရားဆင်းတုတော်၏ လက်တော်သို့တင်၍ ဘုရား အား ဝတ်ချဆုတောင်းရင်း နာရီဝက်မျှ ငိုကြွေးတော်မူ၏ ။ သံဃာ့မျက်ရည် မြေသို့ကျပြီတည်။

ထို့နောက် ဆရာတော် ဦးကေတုသည် အထူးအကျုးဆောင် သံဃာ့အဖွဲ့အစည်းများအား အစည်းအဝေး ခေါ်၍ အရှင်ဦးဝိစာရတောင်းဆိုတော်မူသော-

၁။ သက်န်းဝတ်ရုံခွင့်

၂။ ဥပုသ်ပြုခွင့်တို့ကို အစိုးရက ခွင့်ပြုသင့်ကြောင်း၊ အရှင်ဦးဝိစာရ ပျံလွန်တော်မူလျှင် အစိုးရတာ ဝန်သာ ဖြစ်ကြောင်း၊ မလိုက်လျှောလျှင် သံဃာအားလုံး ထောင်တွင်းဝင်၍ အရှင်ဦးဝိစာရ လမ်းစဉ်အတိုင်း ဆောင်ရွက်ကြ မည်ဟု ဆုံးဖြတ်ကြကြောင်း အာဏာပိုင်များထံ စာပို့၏ ။ ဦးစိုးသိမ်း - ဂျီစီဘီအေ အသင်းချုပ်ကလည်း အမှုဆောင် အစည်းအဝေးခေါ်၍ ဦးဝိစာရ၏ တောင်းဆိုချက်ကို အစိုးရက မလိုက်လျှောသောကြောင့် ပျံလွန်တော်မူလျှင် အ စိုးရတာ ဝန်သာ ဖြစ်ကြောင်း၊ ပျံလွန်လျှင် အလောင်းတော်ကို ဂျီစီဘီအေအသင်းချုပ်သို့ ပေးအပ်ရန် ဆုံးဖြတ်ကာ အစိုးရထံ အကြောင်းကြားစာပို့၏ ။ အမြို့မြို့အနယ်နယ်မှ သံဃာများကလည်း ကြေးနန်းစာများ အစိုးရထံ ပေးပို့ကြ၏ ။

ဗြိတိသျှလက်ပါးစေ ဒိုင်အာခီအစိုးရသည် ရဟန်းရှင်လူ ပြည်သူအများ၏ တောင်းဆိုချက်ကို လျစ်လျူရှု ကာ တင်းမာမြဲ တင်းမာနေရာ

(၁၉၂၉) ခုနှစ်၊ စက်တင်ဘာလ (၁၀) ရက် (မြန်မာသက္ကရာဇ် - ၁၂၉၁ ခု၊ တော်သလင်းလဆုတ် (၂) ရက်နေ့တွင် အာဇာနည်အရှင် ဦးဝိစာရသည် ရန်ကုန်ထောင်တွင်း၌ ပင် ပျံလွန်တော်မူရှာ၏။ ထောင်အာဏာပိုင်များက အလောင်းတော် ရုပ်ကလပ်ကို တိတ်တဆိတ် လော်ရီကားဖြင့်တင်ကာ ကြည့်မြင်တိုင် ဥယျာဉ်တိုင် ဥယျာဉ်တိုက်၊ တွံတေးကျောင်းသို့ ပို့လိုက်၏။

ကျောင်းတိုက်ဆရာတော်နှင့် ဒကာများကား ဈာပနာကော်မတီဖွဲ့၍ ဦးဝိစာရ ရုပ်ကလပ်တော်ကို ရွှေတိဂုံ စေတီ အနောက်ဘက်စောင်းတန်း အပြင်ကွက်လပ်သို့ ပင့်ဆောင်ကာ ပြည်လုံးကျွတ်အစည်းအဝေးကြီးများ ကျင်းပကြ၏။ ဆရာတော်၏ အဂ္ဂိနဈာပနသာဓုကိစ္စနှ သဘင်ဖြင့် ပူဇော်ကြ၏။ လူထုပရိသတ် ထောင်ချီကာ အင်္ဂလိပ် အစိုးရကို ရှုတ်ချကြသည်။

အိန္ဒိယ အောက်ဥပဒေပြုလွှတ်တော်ကလည်း အင်္ဂလိပ်အစိုးရကို ရှုတ်ချ၏။ ဆွမ်းမစား သတိမရသူကို စစ် မေး၍ အပြစ်ချသည်မှာ ရက်ဖွယ်၊ ရက်ဖွယ်ဟု လျှောင်ကြ၏။ မိုတီလာနေရူးကလည်း မြန်မာပြည်၏ ကိစ္စကို အခြား အိန္ဒိယပြည်နယ်ကဲ့သို့ပင် အရေးယူ အလေးထားရမည် ဖြစ်ကြောင်း၊ အင်္ဂလိပ်အစိုးရအား ရှုတ်ချကြောင်း ပြောကြားခဲ့၏။ အိန္ဒိယ ကွန်ဂရက်အသင်းချုပ်ကလည်း အရှင်ဦးဝိစာရ၏ အာဇာနည်စိတ်ဓါတ်ကို စံပြုထိုက်ကြောင်း မှတ်တမ်းတင်၏။

ဦးဝိစာရ ဈာပနကော်မတီသည် ဆရာတော်ပုံ ကြေးရုပ်ကို သွန်းလုပ်ခဲ့၏။ ထားရန် အာဏာပိုင်များနှင့် အကြိမ်ကြိမ် ဆွေးနွေးသော်လည်း သင့်တော်သော နေရာမရ၍ ရွှေတိဂုံစေတီအနီးရှိ စတုဒီသာဇရပ်ကြီးတွင် သက်န်းဖြင့် ပတ်၍ ထားရ၏။

နောင်နှစ်ပေါင်း အနည်းငယ်ကြာသောအခါ ရန်ကုန်မြူနီစီပယ်အဖွဲ့က ယခင်အင်္ဂလိပ် မြန်မာစစ်ပွဲတွင် မြန် မာစစ်တပ် လက်ချက်ဖြင့် ရွှေတိဂုံအနောက်ဖက် ရင်ဆိုင်တိုက်ပွဲတွင် ကျဆုံးခဲ့သော အင်္ဂလိပ်စစ်ဗိုလ်ကြီး

လက်ဖတင်နှင့် “ဗွိုင်း” အထိမ်းအမှတ်ဖြင့် နာမည်မှည့်ထားသော “ဗွိုင်းလမ်း” ကို “ဦးဝိစာရလမ်း” ဟု နာမည် ပြောင်းကာ မြောင်းမြမြို့ သူဌေး “ဦးဘလှ” ၏ ကောင်းမှုဖြင့် ကျောက်တိုင်ကြီး စိုက်ထူပြီးလျှင် အရှင်ဦးဝိစာရ ကြေးရုပ်တော်ကြီးကို ပူဇော်ထားရှိခဲ့ရာ ယခုတိုင် အထင်အရှား ဖူးမျှော်နိုင်ကြပေသည်။

တရားမှန်၍ ပြည်သူအားလုံး ဦးညွတ်စံပြုရသော အာဇာနည် အရှင်ဦးဝိစာရပေတကား။

*

# တတိယ အင်္ဂလိပ်-မြန်မာစစ်နှင့် တိုင်းရင်းသားတို့၏ တော်လှန်ရေးများ

မြန်မာနှင့်အင်္ဂလိပ်တို့သည် စစ် (၃) ကြိမ် ဖြစ်ပွားခဲ့သည်။ မြန်မာတို့သည် စစ်ပင်ရှုံးသော်လည်း တိုက်ပွဲ အတွင်းမှပင် သူရသတ္တနှင့် ပြည့်စုံသော သူရဲကောင်းများ ပေါ်ထွက်ခဲ့၏။ နှလုံးရည် လက်ရုံးရည် ပြည့်စုံသူများကား အထင်အရှားပင်ဖြစ်၏။ ထို စစ်ပွဲများ ဖြစ်ပွားခြင်း အကြောင်းကို လေ့လာလျှင် နယ်ချဲ့တို့နှင့် မြန်မာတို့ဖြစ်ရ သည့် တတိယစစ်ဖြစ်ရခြင်းအကြောင်းတို့ ပေါ်လာ၏။

သီပေါမင်းလက်ထက်တွင် ဘုံဘေဘားမား သစ်ကုမ္ပဏီသည် သစ်လုံးရေ ရှစ်သောင်းကျော် ထုတ်ယူခဲ့ သော်လည်း သုံးသောင်းကျော်မျှသာ စာရင်းဖြစ် အကောက်ခွန်ကို လိမ်လည်ရှောင်ရှားခဲ့သည်။ ခိုးထုတ်သစ်လုံးရေ မှာ (၅၆၇၀၂) လုံး ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လွှတ်တော်က သစ်ခိုးဘုံဘေဘားမား ကုမ္ပဏီကို အရေးယူသည်။ ကုမ္ပဏီက အိန္ဒိယ ဘုရင်ခံချုပ်ထံ တိုင်ကြားသောကြောင့် ဘုရင်ခံချုပ်က (၁၈၈၅) ခု အောက်တိုဘာ (၃၀) ရက်နေ့တွင် ရာဇသံ ပေးပို့ခဲ့သည်။

ထို ရာဇသံတွင်

" - အိန္ဒိယ ဘုရင်ခံချုပ်၏ ကိုယ်စားလှယ်ကသာ သစ်မှုကို ဆုံးဖြတ်မည်။

- ၎င်းပုဂ္ဂိုလ်ကို ဧရာဝတီမြစ်ဆိပ် တွင် အစောင့်တပ်သား (၁၀၀၀) နှင့် နေခွင့်ပြုရမည်။

- ၎င်းတို့ သင်္ဘောမတူဘဲ မည်သည့်နိုင်ငံမှ မဆက်သွယ်ရ” ဟူ၍ ပါရှိသည်။ မြန်မာဘုရင်က အဆိုပါ ရာဇသံကို ထိုနှစ် နိုဝင်ဘာ (၄) ရက်တွင် ပြန်ကြားခဲ့သည်။

မြန်မာလွှတ်တော်က မြန်မာတရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်သဖြင့် အထူးသံအရာရှိ စေလွှတ်ရန် မလိုကြောင်း။

- အယူခံလွှာကို စောင့်ဆိုင်းလက်ခံမည်။

- မြန်မာနယ်မြေကို ကျော်ဖြတ်၍ တရုတ်ပြည်နှင့် ကုန်သွယ်ရာတွင် ကူညီရန် ဆန္ဒရှိကြောင်း။

- နိုင်ငံခြားရေးကိစ္စတွင် အခြားတစ်နိုင်ငံက ခုံပြု၍ ဆုံးဖြတ်ပေးသည်ကို လိုလားပါကြောင်း ဖော်ပြ ပြန်ကြားသည်။

နောက်ဆုံးတွင် သီပေါမင်းက ဒဏ်ငွေများကို လျှော်ပစ်မည်ဖြစ်ကြောင်း ထပ်မံပြန်ကြားခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်တို့က လက်မခံဘဲ ဂျင်နရယ် - ပရင်ဒါဂတ်အား မန္တလေးသို့ ချီတက်ရန် (၁၈၈၅) ခု နိုဝင်ဘာ (၁၁) ရက် နေ့တွင် အတွင်းဝန်ချုပ်က ညွှန်ကြားလေသည်။ ချုပ်၍ ဆိုရလျှင် ထိုနှစ် ထိုရက်တွင်ပင် အင်္ဂလိပ်တို့က မြန်မာအား စစ်ကြေညာသည်။ နိုဝင်ဘာ (၁၄) ရက်နေ့တွင် ဗိုလ်ချုပ် ပရင်ဒါဂတ်စ်ဦးဆောင်၍ တပ်သား တစ်သောင်းခန့် ပါသော အင်္ဂလိပ်တပ်ပေါင်းစုသည် ဧရာဝတီ မီးသင်္ဘောကုမ္ပဏီမှ သင်္ဘော (၄၇) စင်းဖြင့် သရက်မြို့ကို ဖြတ် ကျော် ချီတက်ကြသည်။ နိုဝင်ဘာ (၁၇) ရက်တွင် ငွေးချောင်းခံတပ်နှင့် မင်းလှခံတပ်ကျသည်။ နိုဝင်ဘာ (၁၅) တွင် အင်္ဂလိပ်တပ်များက ကမ်းတက်တိုက်ခိုက်၍ မြင်းခြံမြို့ကို သိမ်းယူသည်။ နိုဝင်ဘာ (၂၆) တွင် ကျောက် မြောင်းအတွင်းဝန်နှင့် ဝက်မစွတ်ဝန်ထောက်တို့က

အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရန် လာရောက်ဆွေးနွေးသည်။ သို့ သော် မရင်ဒါဂတ်စ်က ၎င်းထံတွင် မန္တလေးသို့ ချီတက်သိမ်းပိုက်ရမည်ဆိုသော အမိန့်သာပါကြောင်း၊ မြန်မာဘုရင် က လက်နက်ချစေလိုကြောင်း၊ တင်းမာစွာပြန်ကြားပြီး နိုဝင်ဘာ (၂၇) ရက် နံနက် (၄) နာရီ နောက်ဆုံးထား ပြန် ကြားရမည်ဟု တောင်းဆိုသည်။ မြန်မာတို့က အကြောင်းမပြန်၍ အင်္ဂလိပ်တို့က ထိုနေ့တွင် အင်းဝခံတပ်ကို တိုက် ဂိုက်ပြင်သည်။ မြန်မာလွှတ်တော်က လက်နက်ချရန် ညွှန်ကြားသဖြင့် မြန်မာ့တပ်မတော်သည် ခုခံတိုက်ခိုက်ခွင့်မရ ဘဲ လက်နက်ချ အညံ့ခံခဲ့ရသည်။

(၁၈၈၅) ခုနှစ်၊ နိုဝင်ဘာ (၂၈) ရက်နေ့ညနေ နေဝင်ရီတရောတွင် အင်္ဂလိပ်တပ်ပေါင်းစုက မန္တလေး နေပြည်တော်ကို ဝိုင်းရံ၍ သီပေါမင်းအား ဖမ်းဆီးပြီး နန်းချလိုက်သည်။ (၁၈၈၅) ခု၊ နိုဝင်ဘာ (၂၉) ရက်၊ ညနေ (၅ း ၄၅) နာရီတွင် သီပေါဘုရင်၊ စုဖုရားလတ်နှင့် အဖွဲ့အား သူရိယသင်္ဘောပေါ်သို့ တင်လိုက်လေသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ စစ်ဦးပေါ်လစီ (၁၈၈၅-၁၈၉၀) က (က) မြန်မာဘုရင်ကို ပြည်နှင်ဒဏ်ခတ်ရန် (ခ) မြန်မာတစ်နိုင်ငံလုံး လုံးဝပျပ်ဝပ် ကျိုးနွံစေရန် (ဂ) ဘုရင်ရော လူမျိုးပါ ပျက်သုန်းစေရန် ဖြစ်သည်။ မြန်မာနိုင်ငံ အင်္ဂလိပ်နယ်ချဲ့လက်အောက် ရောက်သွားသည့်အခါ မြန်မာတိုင်းရင်းသားတို့ မချိတင်ကဲ ခံစားကြရသည်။ နာကျည်းစိတ်၊ ခံပြင်းစိတ်တို့ ဖြစ်ပေါ်ကြသည်။ မြန်မာဘုရင်ပါတော်မူပြီး သူ့ကျွန်ဘဝရောက်ရသည့်အခါ ဆီးဘန်နီ ဆရာတော်ကြီးက သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင်

"ကုန်းဘောင်နေမီး၊ မထိန်ညီး၍
တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှောင်
ထီးသုန်းနန်းသုန်၊ ကြဍာန်းသုန်း၍

မြို့သုန်းသုည၊ သုန်းသုံးဝဖြင့်

သုန်းရပြန်လစ်၊ သုညခေတ်ဝယ်

ဖြစ်လာရချေ၊ တို့တစ်တွေသည်

သေသော်မှ တည့်... ဩော်.. ကောင်း၏ ”

ဟု မချိတင်ကဲ ရေးသားတော်မူခဲ့သည်။

မန်လည်ဆရာတော်ကြီးကလည်း “ ပါတော်မူညဥ်းချင်း” ကို ရေးသားခဲ့သည်။ ပါတော်မူပြီးခေတ်တွင် မောင်းထောင်ဦးကျော်လှကလည်း

“ ဟိုမြို့နယ်ဂန္ဓာချုပ်ပါတဲ့၊

တရုတ်တွေဆံခွေကျစ်ကယ်နဲ့

ပြင်သစ်လူ၊ ဘယ်ရွှတ်ရှား (ရုရှား) သော်မှ

သနားမည်တယ်မထင်နဲ့ ဘိလပ်စံရှင်သခင်ငဲ့ပြင်း

မျှောက်နာသွင် နောက်လာကို တယ်မတကြလေနှင့်

နှစ်ချက်ခေါက်ဆရာသက်သာလှပြီဟု အောက်မေ့ကြအုံး ...”

ဟု သံချိုစပ်ခဲ့လေသည်။

အထက်မြန်မာနိုင်ငံကို နယ်ချဲ့အင်္ဂလိပ်က မတရားသိမ်းပိုက်ပြီးနောက် မြန်မာတိုင်းရင်းသားတို့သည် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို တစ်ခဲနက် ဆင်နွှဲကြရာ မင်းဘူး၊ မြင်းခြံနှင့် မိတ္ထီလာ ခရိုင်များမှ ဗိုလ်ဥတ္တမ၊ ဗိုလ်ရွှဲ (ဗိုလ်ဆွဲ)၊ ဗိုလ်ချို၊ ဗိုလ်ရာညွှန့်၊ ဗိုလ်တုတ်ကျော်တို့ တုက်ပွဲဝင်ခေါင်းဆောင်များအဖြစ် ထင်ရှားခဲ့သည်။

မကွေး၊ ပျဉ်းမနား၊ ရမည်းသင်း၊ ပခုက္ကူ၊ ရွှေဘို၊ မန္တလေးနှင့် ကျောက်ဆည်ခရိုင်များမှလည်း ဗိုလ်မင်း ရောင်၊ ဗိုလ်ရိုင်း၊ မြင်စိုင်းမင်းသား၊

ဗိုလ်လယ်၊ ဗိုလ်ရာကွပ်၊ ရွှေခါးဗိုလ်၊ ဗိုလ်မြတ်မှုန်တို့ ပေါ်ထွက်ခဲ့ကြသည်။

မင်းညီမင်းသားများလည်း လွတ်လပ်ရေး ပြန်ရရန် အစဉ်တစိုက် ကြိုးပမ်းကြသူများတွင် ပါဝင်ခဲ့သည်။ မက္ခရာမင်းသားနှင့် တရုတ်တန်း ခင်လေးတို့မှ ဖွားမြင်သည့် စောရန်ပိုင်နှင့် စောရန်နိုင်၊ ကနောင်မင်းသားနှင့် မိုင်းပွန်စော်ဘွား၏ နှမတော်တို့မှ ဖွားမြင်သည့် ကျွန်းညွန့်မင်းသား၊ ကနောင်မင်းသားနှင့် ထိပ်တင်သိန်း၊ ကြည့်မြင်တိုင် မင်းသား၊ စကြာမင်းသားနှင့် အခြားသူများ၊ မြန်မာမင်းညီမင်းသားများ၊ ရှမ်းစော်ဘွားများ၊ မြို့ဝန်များနှင့် ဗိုလ်များ ဦးစီးသော လက်နက်ကိုင်တပ်များက မန္တလေးတောင်ခြေရှိ ရွာများနှင့် အမရပူရဘက်တွင် အင်္ဂလိပ်တပ်များကို တိုက်ခိုက်ကြသည်။ (၅ဝဝဝ) မှ (၉ဝဝဝ) အထိဟု ခန့်မှန်းရသော ထိုတပ်များသည် မန္တလေးမြို့တော်ကိုပင် ဝင် တိုက်တော့မည့် သတင်းဖြစ်ပွားခဲ့သည်။

သီပေါမင်းပါတော်မူပြီး မြင်စိုင်းမင်းသားသည် နီးစပ်ရာ စော်ဘွားတို့ကို စုစည်းပြီး မြင်စိုင်းအုပ်စုကို ဖွဲ့စည်း ကာ ကျောက်ဆည်နယ်၊ နတ်ထိပ်တောင်ကြားကို သိမ်းပိုက်လိုက်သည်။ ထို့နောက် ၎င်းတို့သည် မိုင်းပွန်စော်ဘွား ၏ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများနှင့် ပေါင်းစည်းကာ မန္တလေးအရှေ့တောင်အရပ်ရှိ ဗြိတိသျှတို့ သိမ်းပိုက် ထားသော နယ်မြေများကို ဝင်ရောက်တိုက်ခိုက်ကြသည်။

ရှမ်းပြည်နယ်တခွင်တွင် လင်းပင်အုပ်စုကို ဦးဆောင်၍ အိမ်ရှေ့စံကနောင်မင်းသား၏ သားတော် လင်းပင် မင်းသားသည် (၁၈၈၅) ခု နေပြည်တော်ကျချိန်တွင် မန္တလေးတွင် ရှိနေခဲ့သည်။ သူသည် ကျိုင်းတုံစော်ဘွားများ နှင့် အဆက်ရ၍ ရှမ်းပြည်တက်ကာ စည်းရုံးကြသည်။ ဤတွင် မိုးနဲစော်ဘွား စောခွန်ကြည်၊ ရပ်စောက်စော်ဘွား စောဝိုင်း၊ မိုင်းပွန်စော်ဘွား စောခွန်တီ၊ ကျိုင်းတုံစော်ဘွား စောခမ်းဖုနှင့် မိုင်းနောင်စော်ဘွား၊ မောက်မယ်စော်ဘွား တို့ ပါဝင်သော လင်းပင်အင်အားစုကို ဖွဲ့စည်းကာ နယ်ချဲ့ကို

ပြန်တော်လှန်တိုက်ခိုက်ခဲ့သည်။

ကယားတောင်တန်းကြီးများပေါ်တွင်လည်း မျိုးချစ်ကယားစော်ဘွားများနှင့် ကယားအမျိုးသားတို့သည် လက်နက်လူသူစုရုံးကာ ဗြိတိသျှကို ပြန်တော်လှန်ကြသည်။ နောက် ရှမ်းဗမာတို့နှင့်း ပူးပေါင်း၍ ရှမ်းဒေသများသို့ ပင် သွားရောက်ကာ တိုက်ပွဲဝင်ကြသည်။ ပထမ စစ်ကတည်းက အင်္ဂလိပ်ကို တိုက်ခဲ့သော ဧရာဝတီမြစ်ဝကျွန်း ပေါ်ရှိ ကရင်မျိုးချစ်တို့၏ ဗြိတိသျှဆန့်ကျင်ရေးတိုက်ပွဲလည်း နေပြည်တော်ကျသောအခါ ပိုပြင်းထန်လာသည်။ တောင်ငူ၊ စစ်တောင်း၊ ရွှေကျင်၊ သံလွင် တဝိုက်တွင်လည်း မရမ်းချောင်ဘုန်းတော်ကြီး ဦးဆောင်သော အင်အား စုများသည် စစ်တောင်းကို ဗဟိုပြု၍ ရန်ကုန်တစ်ဝိုက်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်သို့တိုင် တော်လှန် တိုက်ခိုက်ခဲ့ကြသည်။

၁၈၈၅ ခု ဒီဇင်ဘာ (၂၈) ရက်က ဗန်းမော်ကိုသိမ်းသည့် ဗြိတိသျှတပ်များသည် (၁၈၈၆) ခု၊ ဇန်နဝါရီ (၁) ရက်နေ့မှစ၍ ကချင်အမျိုးသားများနှင့် စတင်တိုက်ပွဲဖြစ်ခဲ့သည်။ ဖုန်ကန်ဒူဝါး၊ ဗိုလ်ဖိုးစော၊ ဆမားဒူဝါ၊ တုံဟုံးဒူဝါး၊ စောရန်ပိုင်မင်းသားနှင့် မိုးလှိုင်စော်ဘွား စောခမ်းလှိုင်တို့ ပေါ်ထွက်ခဲ့သည်။ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် ဦးဆောင်သော တိုက်ပွဲများလည်း မှတ်တမ်းတင် ထိုက်လှပေသည်။ ချင်းပြည်နယ်မှလည်း နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင် ခေါင်းဆောင်များ ပေါ်ထွက်ခဲ့သည်။ ချင်းခေါင်းဆောင် ကျွမ်ဘိခ် (ဗိုလ်ဆွန်ပက်)၊ ရွှေချိုးဖြူမင်းသား၊ ချင်းခေါင်းဆောင်ကိုင်ထွာ၊ ဦးတွမ်ထောင်နှင့် ဗိုလ်လိူင်ကမ်း စသည်ဖြင့် အများအပြားပေါ်ထွက်ခဲ့သည်။ ရခိုင်ဒေသ မှလည်း ဗိုလ်မောင်ပိုင်၊ ဗိုလ်ငတောနှင့် အများအပြား ထွက်ပေါ်ခဲ့သည်။ ချုပ်၍ ဆိုရလျှင် သူ့ကျွန်မခံ၊ မျိုးမာန်မချ တော်လှန်တိုက်ပွဲဝင်ခဲ့ကြသော တိုင်းရင်းသားများမှာ မြန်မာနိုင်ငံ အနှံ့အပြားပင် ဖြစ်ပါသည်။ မြန်မာ့လွတ်လပ်ရေး ဆုံးပါးရသော်လည်း မြန်မာတိုင်းရင်းသားတို့၏

သူရသတ္တိနှင့် မျိုးချစ်စိတ်ကား လျော့သည်မရှိ။ တိုး၍ တိုး၍ သာ ဖွံ့ဖြိုးလာခဲ့ပေသည်။

*

## ရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်

“ မြို့လုလင်သာတဲ့ ကွန်းဆီသို့

တို့သခင်စာဖွဲ့လို့ ညွှန်းလိုက်ကဲ့

(ကေသာရယ်) ဒါနဲ့ လွှမ်းကြပေတော့ကွာ”

မင်းကြီးရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်အကြောင်း ရေးမည်ဟု စိတ်ကူးမိသည့်အခါ ဆရာကြီးသခင်ကိုယ် တော်မှိုင်း ဖွဲ့ဆိုသည့် “ဦးမင်းရောင်ဘွဲ့ လေးချိုးကြီး” ကို ဦးစွာ သတိရမိပေ၏။ ထိုလေးချိုးကြီးကို ဆရာကြီးသည် “ သခင်ဋီကာ” ၌ (၁၉၂၇) ခုနှစ်တွင် ရေးဖွဲ့ခဲ့၏။ ဦးမင်းရောင်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ အဘိုး တော်စပ်သူလည်း ဖြစ်သည်။

- သြော် - မြို့သူကြီးရယ်လို့

တို့ထီး (နေ) တမျှပေပ၊

“ ရွှေလရောင်” ဘွဲ့သတင်းရယ်နှင့်

“ ဦးမင်းရောင်” ဗိုလ်ဝင်ခံလို့မို့၊

ဟိုအရင် ယမန်စစ် အင်ကျင်းတယ်ကွယ်၊

ခင်းတဲ့ဗျူဟာ . . .။

ဦးမင်းရောင် (ခေါ်) ဗိုလ်မင်းရောင်သည် တောင်တွင်းကြီးမြို့ မြေကြက်လက်နေ သူကြီးမျိုးရိုးဖြစ်သော သွေး သောက်ဘွဲ့ရ ဦးမှူး၊ ဒေါ်ပိုတို့၏ သားဖြစ်သည်။ ဗိုလ်မင်းရောင်၏ မိခင်ဒေါ်ပိုမှာ ကိုင်းရွာသူဖြစ်သည်။ ဦးမင်းရောင်ကို (၁၁၉၉) ခုနှစ်၊ တန်ဆောင်မုန်းလတွင် မွေးဖွားသည်။ ဦးမင်းရောင်၏ ဘိုးဘွားဦးမှူး၏ မိဘများမှာ သွေးသောက်ကြီးဘွဲ့ရ မြို့သူကြီး ဦးရစ်ကြီးနှင့် မယ်ခဲတို့ဖြစ်၏ ။ ဦးမင်းရောင်တွင် မွေးချင်း (၄) ယောက်ရှိသည်။

ဦးမင်းရောင်၊ ဦးမင်းမောင်၊ ဒေါ်မင်းကေ၊ ဒေါ်မင်းပွေတို့ ဖြစ်သည်။ ဦးမင်းရောင်က အကြီးဆုံးသားဖြစ်၏ ။

ဦးမင်းရောင်၏ အမျိုးအနွယ်များမှာ ကုန်သည်မျိုးများ၍ မင်းမှုထမ်းသူ နည်းပါးသည်။ ဦးမင်းရောင်၏ ညီ ဦးမင်းမောင်တစ်ဦးသာလျှင် အတော်အတန် ရာထူးမြင့်မားခဲ့ပေသည်။ နတ်မောက်မြို့သူကြီး ဦးရွှေနီ၏ ဇနီး မယ်စိုးမှာ ဦးမင်းရောင်၏ ဒွေးလေးတော်စပ်သည်။ မြို့သူကြီး ဦးရွှေနီ၏ အမျိုးအနွယ်မှာ မင်းခစားများသည်။ ပညာဉာဏ် ထက်မြက်ကြသည်။ ဦးရွှေနီ၏ ညီ ဦးထွားဆိုသူမှာ တလုတ်မြို့ဝန်ဖြစ်သည်။ ထို့ပြင် တောင်စဉ်ဝန် ဦးဝိုက်၊ မင်းတုန်းမင်းလက်ထက် ခန်းပတ်မင်းကြီးတို့မှာ လည်း ဦးရွှေနီ၏ အဆက်အနွယ်များဖြစ်ရာ ဦးမင်းရောင်သည် မှူးမတ်အနွယ်ဟု ဆိုနိုင်သည်။

ဗိုလ်မင်းရောင်သည် ရုပ်ရည်သန့်ပြန့် အထူးခန့်သည်။ အရပ် (၆) ပေနီးပါး၊ အသားဖြူ၊ နှုတ်ခမ်းမွေး ကောင်း၊ စူးရှသော မျက်လုံးရှိကာ အချိတ်ပုဆိုးဝတ်ပြီး မြင်းစီးလျှင် လွန်စွာခံ့ငြားသည်ဟု ဆိုပေသည်။ ညီဖြစ် သူ ဦးမင်းမောင်မှာမူ မင်းတုန်းမင်းတရားကြီးလက်ထက် ပထမ ရွှေတိုက်စိုး၊ ဒုတိယ အရှေ့တပြင်တောင်တပြင် အခွန်ဝန်၊ တတိယ တောင်တွင်းဝန်၊ စတုတ္ထ (ပင်း၊ နတ်မောက်၊ ကျောက်ပတောင်း) ၃ မြို့ဝန်၊ ပဥ္စမ တောင်ငူ မြို့ (၂) မြို့ဝန်အဖြစ် အကြိမ်ကြိမ် ချီးမြှင့်ခြင်း ခံခဲ့ရသည်။

ဦးမင်းရောင်သည် စိတ်ထက်မြက်၏ ။ ရွှတ်ရွှတ်ချွန်ချွန်

ဆောင်ရွက်တတ်၏။ ရက်စက်တတ်သည့်နေရာ၌ ရက်စက်တတ်၏။ ညီ ဦးမင်းမောင်ကား ထိုသို့မဟုတ်၊ ပျော့ပြောင်းချိုသာ၏။ စိတ်နှလုံး နူးညံ့၏။ စောင်းတီးအ တတ်တော်၏။ သီချင်းဆိုကောင်း၏။ (ဦးမင်းရောင်သည် တစ်ကြိမ်တွင် ကြက်သားစားချင်၍ ညီမင်းမောင်ကို ကြက်သတ်ခိုင်းရာ ဦးမင်းမောင်မှာ စိတ်သဘောနူးညံ့သူဖြစ်၍ မသတ်ဘဲနေရာ ဦးမင်းရောင်ကိုယ်တိုင် ကြက်ကို သတ်၍ ချက်ပြုတ်စားပြီး အကျန်ဟင်းကို ညီအားမကျွေးဘဲ ခွေးကျွေးပစ်သောဟူ၏။ ၎င်းတို့၏ အဖွား မယ်ခဲ၏ ရွာပန “ မယ်ကြီးပုံ” တွင်လည်း ဦးမင်းရောင်၏ တပည့်များနှင့် ဦးမင်းမောင်၏ တပည့်များ လက်ဝှေ့ထိုးသတ်ကြ ရာ ဦးမင်းမောင်၏ တပည့်များက နိုင်သဖြင့် ဦးမင်းမောင်က ပုဝါတစ်ပိုင်ဆုချ၏။ ဦးမင်းရောင်က မခံနိုင်သဖြင့် သူ့ လူကို ပုဆိုတစ်ထည် ဆုချ၏ ။

ဗိုလ်မင်းရောင်သည် (၁၈၈၅) ခုနှစ် သီပေါမင်းနှင့် မိဖုရား ပါတော်မူခန်းကို မြို့လူထုနှင့်အတူ တွေ့မြင်ခဲ့ရ ၏။ ထိုအခါတွင် ဦးမင်းရောင် (၄၀) ကျော် (၅၀) နီးပါးရှိပြီး မချိတင်ကဲလည်းဖြစ်၊ မခံချင်စိတ်လည်း ဖြစ်ကာ တောက်ပြင်းပြင်းတစ်ချက်ခေါက်လိုက်၏။ ပါတော်မူမြင်ကွင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်းက (၁၀) နှစ်သား အရွယ်တွင် မြတောင်ကျောင်းတိုက်မှ မြင်လိုက်ရပေသည်။ ပါတော်မူမြင်ကွင်းသည် လူထုကို မျိုးချစ်စိတ်ဓာတ် ရှင်သန်ရန် နှိုးဆွပေးသကဲ့သို့ ဖြစ်၏။

တချို့လူတွေက “ မင်းပြောင်းမင်းလွဲ ဖြစ်တာပါ။ မင်းသားတစ်ပါးပါးကို နန်းတင်လိမ့်မယ်။”

“ ညောင်ရမ်းကိုယ်တော်ကို ကုလားဖြူတွေက နန်းတင်မယ်ထင်တာပဲ”

ထိုအသံများကို ကြားရသည့်အခါ ဦးမင်းရောင် နားခါးလှသည်။ “ ခင်ဗျားတို့ ကျောချတာတောင် ဓါးပြမှန်း မသိကြပါလား။ အရှင်သစ်၊ ဘုရင်သစ်ကို မျှော်ကြ။ မကြာခင် ကျုပ်တို့နိုင်ငံ မီးဟုန်းဟုန်း တောက်တာ တွေ့ရ လိမ့်မယ်။ . .

.”ဟု နာကျည်းစွာ ဆိုခဲ့၏ ။ ပါတော်မူစတွင် သေနတ်သံတွေကို မကြာခဏ ကြားရ၏ ။ အင်္ဂလိပ် မြင်းတပ်သားတို့၏ မြင်းခွာသံတို့က ကျွန်ဖြစ်ပြီဟု သတိပေးနေသလို ထင်ရ၏ ။ ဦးမင်းရောင်သည် မန္တလေး ရောက်ခိုက်၊ နေမျိုးဘိသက္ကနော်ရထာ ဘွဲ့ရ သမားတော်ကြီး ဦးကျော်ဇံ၏ အိမ်တွင်တည်းကာ နောက်နေ့မနက် လင်းသည်နှင့် မြို့လုလင်သို့ ပြန်ခဲ့၏ ။ တောင်ငူစစ်ကြောင်းတာဝန်ခံဖြစ်သော ညီ ဦးမင်းမောင်ထံ အင်္ဂလိပ်တို့ကို မြို့လုလင်မှ ပုန်ကန်မည်ဖြစ်ကြောင်း အကြောင်းကြားခဲ့၏ ။ အပြန်တွင် ဦးမင်းရောင်သည် နတ်မောက်သို့ဝင်ကာ ယောက်ဖတော်သူ မြို့သူကြီး ဦးရွှေနီနှင့် နိုင်ငံရေးဆွေးနွေးတိုင်ပင်ပြီး သူ့ကျွန်အဖြစ် မနေလို၊ သေလိုက သေစေ၊ အင်္ဂလိပ်ကို ခုခံတော်လှန်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အိမ်ပြန်ရောက်လျှင် ဇနီးသည်အား ကလေးများနှင့် အတူ မိဘရပ်ထံ သွားနေရန် တိုက်တွန်း၏ ။ ဇနီးဒေါ်ရွှေသင်က ခင်ပွန်းနှင့် ခွဲနေရမည်ကို လက်မခံ၊ ခလေးများ ပို့ပြီး သူပါအတူ တိုက်ပွဲဝင်မည်ဟု ဆို၏ ။ ဦးမင်းရောင်က အင်္ဂလိပ်တို့အား တော်လှန်ရန် လူထုစုရုံးရာ လူ (၃ဝဝဝ) ခန့် ရသည်။ ပဲခူးရိုးမအနီး သစ်တော်ကြီးရှိ “ ကိုဒူတောင်ထိပ်” တွင် သစ်တပ်အခိုင်အခန့် ဆောက်သည်။ ထိုအ တွင်း ညီဖြစ်သူ (၃) မြို့ဝန် ဦးမင်းမောင်ထံမှ အင်္ဂလိပ်ကို ဆန့်ကျင်တိုက်ခိုက်ခြင်း မပြုရန်၊ လက်နက်ချပြီး ရာထူး တစ်ခုခု လက်ခံရန် တိုက်တွန်းစာ ပေးပို့လိုက်၏ ။ “ သိပ်ကျွန်စော် နံတဲ့စာပဲ” ဟု ဆိုပြီး ဦးမင်းရောင်က ဆုတ်ဖြဲပစ် သည်။

ဦးမင်းရောင်သည် မြင်းမဏိတောင်ထိပ်တွင် အောင်လံထူကာ ကိုဒူတောင်ထိပ်တွင် သစ်တပ်တည်ပြီး ဗိုလ်ဝင်ခံကာ “ ရွှေလရောင်” ဘွဲ့ ခံယူသည်။ ခလေးများ မိဘရပ်ထံပို့ခဲ့ပြီး ဇနီးဖြစ်သူ ဒေါ်ရွှေသင်သည် ခင်ပွန်း နှင့်အတူ တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေ၏ ။ ဗိုလ်မင်းရောင်ကို မြို့ထိပ်တွင် ကင်းချထားပြီး မြင်းမဏိတောင်ပေါ် တွင် ကျောက်မောင်းများ ဆင်ထား၏ ။ ကုလားဖြူလာမည့်လမ်းတွင် ကျင်းတူး ဆူးငြောင့်ချ။ ကျွင်းအဝတွင် ဝါးကဒ်တင်

မြက်များဖြင့်ဖုံးကာ ထောင်ချောက်များ ဆင်ထား၏ ။ တပ်သားများက တောင်ပေါ်တွင် အသီးသီးနေရာယူထား၏ ။ တပ်လည်း လှန့်ထားလိုက်သည်။

ဗိုလ်မင်းရောင် တွေးထင်သည့်အတိုင်း မကြာမီ မြို့တပ်ကင်းက ချိုးကူသံပေးကာ အချက်ပေး၏ ။ ကုလား ဖြူတပ်လာပြီ။ မြင်းခွာသံ၊ ခွေးဟောင်သံများ ကြားရ၏ ။ ကုလားဖြူတပ်ရောက်လာပြီး ဗိုလ်မင်းရောင်အား မေး ခွန်းတရစပ် မေးသည်။ ဗိုလ်မင်းရောင်က မဖြေဘဲ ဓါးဆွဲခုတ်ပိုင်းသည်နှင့် တပြိုင်နက် သူ့လူများ တစ်ဟုန်ထိုး ထွက်လာကာ ဝါးချွန်၊ ဓါးလက်နက်များဖြင့် အနီးကပ် တိုက်ကြသည်။ အင်္ဂလိပ်တပ် အငိုက်ခံရ၍ အကျအဆုံး များသွားသည်။

ဗိုလ်မင်းရောင်၏ တိုက်ပွဲများတွင် တောင်တွင်းကြီးတိုက်ပွဲသည် ကျော်ကြားသည်။ ပေကန် ရွာအနီး တိုက်ပွဲတွင်လည်း မြန်မာတို့က အင်္ဂလိပ်တို့ကို အနိုင်တိုက်ခဲ့သည်။ မြို့လုလင် အနီးတွင်လည်း ဗိုလ်မင်းရောင်နှင့် နောက်ပါများသည် ဗိုလ်ဖုံးတပ်ဖွဲ့နှင့် ပေါင်း၍ အင်္ဂလိပ်တပ်ကို ဝင်ရောက်ချေမှုန်းခဲ့ကြသည်။ ရန်သူ (၇) ရောက် ဖမ်းမိ၍ ကားတင်ခဲ့သည်။ ဗိုလ်မင်းရောင်သည် သွေးသောက်ရဲဘော် ဗိုလ်ဖုံးနှင့်အတူ မြို့လုလင် ပတ်ဝန်းကျင် နယ်မြေများသို့ ကူးသန်းသွားလာပြီးနောက် လိုက်အင်အားရအောင် စည်းရုံးသည်။ လူငယ်၊ လူရွယ်ပေါင်း များစွာ တို့သည် မင်းကြီး ရွှေလရောင်၏ မျိုးချစ်စိန်၊ နိုင်ငံချစ်စိတ်ပေါ်လာအောင် လှုံ့ဆော်နိုင်သဖြင့် သူ့လက်အောက် များစွာ ဝင်ရောက်ခဲ့ကြသည်။ ဗိုလ်မင်းရောင် လက်အောက်တွင် ဗိုလ်နေဒွန်း၊ ဗိုလ်လင်းရောင်၊ ဗိုလ်ခင်ကျော်၊ ဗိုလ်ရွှေဆင်တို့၏ အင်အားစုများ ပူးပေါင်းလျက် အင်္ဂလိပ်တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသည်။

နယ်ချဲ့တပ်များက ကိုဒူတောင်တွင် တပ်စွဲနေသော ဗိုလ်မင်းရောင်၏ တပ်ကို လားတင်အမြောက်များ ဖြင့် ပစ်ခတ်သည်။ ဗိုလ်မင်းရောင်တပ်ကလည်း အညံ့မခံ တုန့်ပြန်၏ ။ ကုလားဖြူတပ်ဆုတ်ရသည်။ ဗိုလ်မင်းရောင်၏ ဇနီး ဒေါ်ရွှေသင်လည်း ယောကျ်ားလိုဝတ်ကာ တိုက်ပွဲဝင်၏ ။

အထောက်တော်များလွှတ်၍ သတင်းကို စုံစမ်းစေ သည်။

“ ကျောက်ဆည်မှာ မြင်စိုင်းကိုယ်တော်လေး၊ အင်းဝမှာ ချောင်းခွမင်းသားညီနောင်နဲ့ ရွှေဘိုမှာ ထိပ်တင် ညီနောင်တို့က မျက်နှာဖြူတွေကို တိုက်ခိုက်နေပါတယ်။ တပ်ပေါင်းစုံက နန်းတွင်းကိုဝင်တိုက်တာ မျက်နှာဖြူတွေ အထိနာတယ်လို့ သိရပါတယ်။ မင်းကြီး” မန္တလေးနေပြည်တော်ဘက်မှ သတင်းများ ကြားရသည့်အခါ မင်းကြီးရွှေ လေရောင် အားတက်သည်။ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်နေရင်း (၉) လကျော်အကြာတွင် မြင်စိုင်းကိုယ် တော်လေး နတ်ရွာစံသည့် သတင်းကြားရသည်။ ဗိုလ်မင်းရောင်တပ်သည် အင်္ဂလိပ်ကင်းလှည့်တပ်ဖွဲ့များကို ပျောက်ကျားစစ်ဆင်ရေးဖြင့် မကြာခဏ တိုက်ခိုက်တတ်သည်။ ထိုအချိန်တွင် မင်းကြီးရွှေလရောင်ကဲ့သို့ပင် အင်္ဂ လိပ်တို့အား ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်နေသော “ ဗိုလ်” ဘွဲ့ခံ တော်လှန်ရေးအင်အားစုများ ရှိနေကြသည်။ မင်းဘူး၊ အနောက်ဘက်ဒေသကို အခြေပြု အင်အားစုကာ တိုက်ခိုက်နေသည့် ဗိုလ်ချို ၊မြင်းခြံစီရင်စုမှ ဗိုလ်ရာညွန့်၊ မင်းဘူး နယ် တောင်ဘက်မှ ဗိုလ်ဥတ္တမတို့ ဖြစ်သည်။

သက္ကရာဇ် (၁၂၉၃) ခုနှစ် ဝါဆိုလောက်တွင် ဗိုလ်မင်းရောင်တပ်များကို မကွေးစစ်တပ်၊ တောင်တွင်းစစ် တပ်၊ ရမည်းသင်းစစ်တပ်၊ မိတ္ထီလာစစ်တပ် ပေါင်းပြီး ဗြိတိသျှစစ်တပ် (၄) တပ်ဖြင့် ညှပ်တိုက်ခံရရာ ဗိုလ်မင်း ရောင်တပ် လူစုကွဲ၍ အင်အားနည်းသွား၏ ။ ဤအချက်ကို အခွင့်ကောင်းယူ၍ တောင်တွင်းတောင်လက် မြို့အုပ် ဦးရွှေအိက ဗိုလ်မင်းရောင်ကို အင်္ဂလိပ်လက်အောက်ဝင်ကာ အမှုထမ်းရန် ဖြားယောင်း၏ ။ ဗိုလ်မင်းရောင် ခါးသီးစွာ ငြင်းပယ်ခဲ့သည်။ ထိုအခါ ဗြိတိသျှအစိုးရက အသေရရ အရှင်ရရ ဖမ်းမိလျှင် ဆုငွေ (၁၀၀၀) ထုတ်သည်။ သို့ ဖြင့် ဗိုလ်မင်းရောင်သည် (၁၂၉၄) ဝါခေါင်လဆန်း (၂) ရက်နေ့တွင် ဗိုလ်ကံသာ၊ ဗိုလ်ဆင့်၊ ဗိုလ်တရုတ်၊ ဗိုလ် ရွှေလှ၊ ကြယ်တံခွန်ဗိုလ်တို့နှင့်အတူ ရှမ်းပြည်သို့ ဆုတ်ခွာရန် စီစဉ်တော့သည်။ အင်္ဂလိပ်က

ငွေကြေး၊ ရာထူးဖြင့် လက်အောက်ခံများကို ဖြားယောင်းသည်။ အင်္ဂလိပ်တို့အား ယုံကြည်ပြီးတပ်မှ ထွက်ပြေးသူ၊ ဘက်ပြောင်းသစ္စာ ဖောက်သူတို့ ရှိ၏ ။ ထို့ကြောင့် ကိုဒူတပ်စခန်း၏ လျှို့ဝှက်ချက်များကို ရန်သူတို့ သိသွား၏ ။ ရှမ်းပြည်ဘက်သို့ ဆုတ်ခွာစဉ် ဗိုလ်မင်းရောင်အား ခြေရာခံ ဖမ်းမိသွားသည်။ အင်္ဂလိပ်က မြို့အုပ်ရာထူး လက်ခံရန် ဖြားယောင်း သော်လည်း အာဇာနည်ပီသစွာ ငြင်းပယ်သဖြင့် ခေါင်းဖြတ်စီရင်ခြင်းခံရကာ (၁၈၈၇) ခုနှစ်တွင် နယ်ချဲ့တော်လှန်ရင်း အသက်ပေးသွားခဲ့ပေသည်။

*